



သေမင်းတမန်မီးရထားလမ်းဖောက်လုပ်နေစဉ်

## မြန်မာ့နိုင်ငံရေးသမိုင်းလေ့လာချက်

# ဂျပန်ခေတ်ယိုးဒယားမြန်မာဆက်သွယ်ရေးလမ်းကြောင်း (သို့ မ ဟု တ်) သေမင်းတမန်မီးရထားလမ်း

တင်နိုင်တိုး

ဂျပန်တပ်မတော်သည် ယိုးဒယားမြန်မာမီးရထားလမ်းဖောက်လုပ်ရေးကိစ္စကို ၁၉၄၂ခုနှစ်နိုဝင်ဘာလကပင် စတင်လုပ်ဆောင်ခဲ့ပါသည်။ ဤမီးရထားလမ်းကြီးကား လူသားများစွာ အသက်စတေးခဲ့ရသည့်အတွက် သေမင်းတမန်မီးရထားလမ်းအဖြစ် ထင်ရှားခဲ့သည်။

**အလုပ်သမားစုဆောင်းရေး**

ရထားလမ်းဖောက်လုပ်ရေးအတွက်လိုအပ်သည့်အလုပ်သမားများကို ရထားလမ်းဖောက်လုပ်ရေးအဖွဲ့က တိုက်ရိုက်ခေါ်ယူငှားရမ်းခဲ့၏။ ရှေးဦးစွာ အနီးဝန်းကျင်ဒေသများ၌ ရှာဖွေစုဆောင်းခဲ့သော်လည်း မလုံလောက်သဖြင့် ၁၉၄၂ ခုဒီဇင်ဘာလလယ်ခန့်တွင် ယာယီမြန်မာအစိုးရအုပ်ချုပ်ရေးရုံးသို့ အကူအညီတောင်းခံရတော့သည်။ သို့ဖြင့် မြန်မာအစိုးရပြန်ကြားရေးဝန်ရုံးမှ ၁၈ ဒီဇင်ဘာ ၁၉၄၂ တွင် ယိုးဒယားမြန်မာမီးရထားလမ်းဖောက်လုပ်ရန် ချွေးနှင့်ရင်းရသည့် အလုပ်သမားတပ်ကြီး တည်ထောင်မည်ဖြစ်ကြောင်း ကြေညာခဲ့သည်။ ယင်းကြေညာချက်တွင် အလုပ်သမားအင်အား ၂၀၀၀၀ ခန့် လိုအပ်မည်ဖြစ်ကြောင်း၊ အလုပ်သမားများရရှိမည့်လစာ၊ နေအိမ်၊ ဆေးဝါးစသည့်အခွင့်အရေးများကို ဖော်ပြထားပြီး အလုပ်သမားတပ်သို့ ဝင်ရောက်ကြရန်နှိုးဆော်ထားပါသည်။

**ရည်ရွယ်ချက်များ**

ယိုးဒယားမြန်မာမီးရထားလမ်းဖောက်လုပ်ရေးအတွက် အဓိကရည်ရွယ်ချက်(၄)ရပ်ရှိပါသည်။ယင်းတို့မှာ (၁)လက်ရှိတိုက်ခိုက်လျက်ရှိသော မဟာအာရှစစ်ပွဲကြီးတွင် ဂျပန်တို့အောင်နိုင်ရေးအတွက် အထူးအရေးကြီးသော လက်နက်ခဲယမ်းမီးကျောက်များကို အမြန်ဆုံးသယ်ယူပို့ဆောင်နိုင်ရေး၊(၂)မြန်မာထွက်ကုန်ဝင်ကုန်များကို အမြန်ဆုံးသယ်ယူ ပို့ဆောင်ရောင်းဝယ်နိုင်ရေး၊(၃)မြန်မာနိုင်ငံနှင့်အခြားနိုင်ငံများ လွယ်ကူစွာ မဟာမိတ်ချစ်ကြည်မှုပြုလုပ်နိုင်ရေး၊(၄)စစ်ဒဏ်ကြောင့်မြန်မာလူမျိုးများဆင်းရဲကျပ်တည်းလျက်ရှိရာ မီးရထားလမ်းဖောက်လုပ်ပြီးစီးပါက မြန်မာပြည်ကြွယ်ဝချမ်းသာလာစေရေးတို့ဖြစ်ကြသည်။

ယင်းရည်ရွယ်ချက်များအတိုင်း အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် ဝန်ကြီးချုပ်၏ အတွင်းဝန်ဦးဘစောဥက္ကဋ္ဌအဖြစ်ပါဝင်သော ယိုးဒယားမြန်မာမီးရထားလမ်းဖောက်လုပ်ရေးအတွက် အလုပ်သမားစုဆောင်းစောင့်ရှောက်ရေးအဖွဲ့ကို ဖွဲ့စည်းခဲ့သည်။

**အခက်အခဲများ**

အလုပ်သမားစုဆောင်းရာ၌ တောင်ငူ၊ အင်းစိန်၊ ဟင်္သာတ၊ ပုသိမ်၊ ထားဝယ်၊ မြိတ်၊ မော်လမြိုင်၊ သထုံ၊ ပဲခူးနယ်များမှ စုဆောင်းခဲ့ကြရာ ၁၉၄၃ခုဖေဖော်ဝါရီလအထိ၃၉၅၀ဦးသာ စုဆောင်းနိုင်ခဲ့သည်။ သို့ဖြစ်၍ လျာထားချက်၏ တစ်ဝက်မျှသာရရှိခဲ့ပါသည်။ စုဆောင်းရရှိထားသူများထဲမှလမ်းခုလပ်တွင် ထွက်ပြေးသွားကြသူများမှာလည်း မနည်းလှပေ။ အလုပ်သမားရရှိရန် ခက်ခဲသော်လည်း လမ်းဖောက်လုပ်ရေးကိစ္စမှာ အချိန်မီဆောင်ရွက်ရမည့် လုပ်ငန်းဖြစ်နေသည်။ သို့ဖြင့် အမှတ် ၁၅ ဂျပန်တပ်မတော်က နည်းလမ်းရှာဖွေရတော့သည်။



သေမင်းတမန်ရထားလမ်းဖောက်လုပ်ရာတွင် ကွယ်လွန်သွားခဲ့သော မဟာမိတ်စစ်သားများ၏ သံဖြူဇရပ်စစ်သင်္ချိုင်းသို့ ကျန်ရစ်သူမိသားစုဝင်များ ၂၀၁၀ပြည့်နှစ် နိုဝင်ဘာလ၁၉ရက်ကလာရောက်ဆုတောင်းကြစဉ်

**လုပ်အားပေးအဖွဲ့ဖွဲ့စည်းရေး**

ဂျပန်တပ်မတော်သည် ယခင်အလုပ်သမားစုဆောင်းရေးနည်းလမ်းကိုဖျက်သိမ်းကာ ယိုးဒယားမြန်မာမီးရထားလမ်းဖောက်လုပ်ရေးတပ်ဖွဲ့ဝင်များ၊ စစ်အုပ်ချုပ်ရေးဦးစီးဌာနနှင့်အုပ်ချုပ်ရေးရုံးတို့မှသက်ဆိုင်ရာအရာရှိများကိုဖိတ်ခေါ်ကာ ၁မတ် ၁၉၄၃ တွင်လုပ်အားပေးအဖွဲ့ဖွဲ့စည်းရေးကို ဆွေးနွေးခဲ့ကြသည်။ ယင်းနောက် မတ်လ(၂)ရက်နေ့တွင်ဂျပန်အမှတ် ၁၅တပ်မတော်၏တစ်ချက်လွှတ်အမိန့်ဖြင့်ယိုးဒယားမြန်မာဆက်သွယ်ရေးမီးရထားလမ်းဖောက်လုပ်ရေးအတွက် လုပ်အားပေးအဖွဲ့များဖွဲ့စည်းရေးနှင့် စေလွှတ်ပို့ဆောင်ရေးအစီအစဉ်ကို ချမှတ်လိုက်ပါသည်။

**ချွေးတပ်**

၉မတ်၁၉၄၃တွင် ဂျပန်စစ်အုပ်ချုပ်ရေးဌာန၏သဘောတူညီချက်ဖြင့် ယိုးဒယားမြန်မာမီးရထားလမ်းဖောက်လုပ်ရေးအတွက်လိုအပ်မည့် မြန်မာအလုပ်သမား ၃၀၀၀၀ကျော်ကို စတင်စုဆောင်းပါသည်။ဗမာ့ကာကွယ်ရေးတပ်မတော်သည် သွေးတပ်(Blood Army)ဖြစ်သဖြင့် မီးရထားလမ်းအလုပ်သမားတပ်ကြီးကို ချွေးတပ်(Sweat Army)ဟုခေါ်ဆိုကြသည်။နောက်ပိုင်းတွင်ဗမာ့လက်ရုံးတပ်မတော်ဟုပြောင်းလဲခေါ်ဆိုခဲ့၏။

**နယ်မြေအလိုက်**

ချွေးတပ်အလုပ်သမားများစုဆောင်းရေးကော်မတီဥက္ကဋ္ဌဖြစ်သော လမ်းပန်းဆက်သွယ်ရေးနှင့်ဆည်မြောင်းဌာနဝန်ကြီးက ခရိုင်အသီးသီးမှအရေးပိုင်(ခရိုင်ဝန်)များကို စုဆောင်းရေးအရာရှိအဖြစ်ခန့်အပ်ပြီး နယ်ပိုင်၊မြို့ပိုင်၊သူကြီးတို့မှတစ်ဆင့် စုဆောင်းခဲ့သည်။တို့ဗမာဆင်းရဲသားအစည်းအရုံးကိုလည်းပူးပေါင်းဆောင်ရွက်စေခဲ့သည်။လုပ်အားပေးအလုပ်သမားတစ်ဦးလျှင်ရှာဖွေစုဆောင်းခ၇ကျပ်နှုန်းဖြင့် စရိတ်ကျပ်နှစ်သိန်းတစ်သောင်းကို စစ်အုပ်ချုပ်ရေးဦးစီးဌာနကခရိုင်များသို့ဝေငှပေးခဲ့သည်။ ချွေးတပ်အလုပ်သမားတို့၏လစာငွေကိုမူတစ်လ၃၀ကျပ်သတ်မှတ်ပါသည်။ သို့သော်လေကြောင်းဗုံးဒဏ်ကြားမှစုဆောင်းရသဖြင့် ထင်သလောက်ခရီးမရောက်ခဲ့ပေ။

**စုဆောင်းရရှိသူများ**

အလုပ်သမားနည်းပါးမှုကြားမှ ကာလတိုအတွင်းအလုပ်သမား ၃၂၂၀၄ ဦး စုဆောင်းရရှိခဲ့ရာ ပထမသုတ်အဖြစ်စတင်ပို့ပေးလိုက်ပါသည်။ သို့သော် ထွက်ပြေးသူများကြောင့် တစ်စတစ်စလျော့ပါးလာခဲ့ရာ မေလ ၆ ရက်နေ့တွင် မြန်မာအစိုးရဝန်ကြီးချုပ်က အမှတ် ၁၅ ဂျပန်တပ်မတော်စစ်အုပ်ချုပ်ရေးဦးစီးဌာနနှင့်ညှိနှိုင်းကာအလုပ်သမား ၂၁၀၀၀ကျော်ထပ်မံခေါ်ယူရန် ပြင်ဆင်ရပြန်ပါသည်။ ပထမအကြိမ်စုဆောင်းစဉ်က ခရိုင်ကိုးခုသတ်မှတ်ရှာဖွေစုဆောင်းခဲ့ရာ ဒုတိယအကြိမ်အတွက် ကျောက်ဆည်၊ မအူပင်၊ မင်းဘူး၊ ပခုက္ကူ၊ သရက်ငါးခရိုင်ကိုထပ်မံတိုးချဲ့ရှာဖွေစုဆောင်းခဲ့သည်။ စုဆောင်းရေးအရာရှိဦးရေကိုလည်း ယခင်က အလုပ်သမားတစ်ထောင်အတွက် တစ်ဦးကျထားရှိရာမှ ဒုတိယအကြိမ်စုဆောင်းစဉ်တစ်ရာလျှင် တစ်ဦးနှုန်းပြောင်းလဲထားရှိခဲ့သည်။သို့ဖြင့် ၁၇၆၁၅ ဦးထပ်မံစုဆောင်းနိုင်ခဲ့လေသည်။

**လုပ်သားလိုအပ်ချက်**

မိုးတွင်းကာလမီးရထားလမ်းဖောက်လုပ်ရာတွင် ငှက်ဖျားရောဂါ၊ ဝမ်းရောဂါဖြစ်ပွားမှုများကြောင့် တစ်ဦးချင်းဖြစ်စေ၊ အဖွဲ့လိုက်ဖြစ်စေ ထွက်ပြေးမှုများရှိနေရာ အမှတ်၁၅ ဂျပန်တပ်မတော်မှ တောင်းဆို၍ ၁၉၄၃ခုဇူလိုင်လတွင် အလုပ်သမား ၂၀၀၀၀ ထပ်မံစုဆောင်းပေးရပြန်ပါသည်။ဤတစ်ကြိမ်တွင် ရွှေဘို၊ကသာနှင့်မုံရွာခရိုင်များကို ဦးတည်စုဆောင်း၏။တတိယအကြိမ်စုဆောင်းရာတွင်အလုပ်သမားအင်အား၂၁၀၆၉ ဦး ထပ်မံစုဆောင်းရရှိခဲ့သည်။

**ဟေးဟိုးတပ်**

ဟေးဟိုးတပ်(Heiho)ခေါ် မျိုးချစ်တက်လူငယ်များအဖွဲ့ကို မြန်မာနိုင်ငံဂျပန်တပ်မတော်ဌာနချုပ်၌ ဖွဲ့စည်းထားရှိပါသည်။၂၀ဧပြီ၁၉၄၃တွင် ဟေးဟိုးတပ်သို့မျိုးချစ်လူငယ်များဝင်ရောက်ကြရန် မြန်မာ့အလင်းသတင်းစာမှ ဖော်ပြခဲ့သည်။ယင်းတပ်မှာ အရံတပ်ဖွဲ့တစ်ခုဖြစ်ပြီး ချွေးတပ်သားအလုပ်သမားများစုဆောင်းရာ၌ အဓိကနေရာမှ ပါဝင်ခဲ့သည်။

**သေမင်းတမန်ရထားလမ်း**

ဂျပန်ခေတ်ယိုးဒယားမြန်မာ မီးရထားလမ်းကို မွန်ပြည်နယ်သံဖြူဇရပ်မြို့မှ ဘုရားသုံးဆူတောင်ကြားကိုဖြတ်လျက် ယိုးဒယားနိုင်ငံ ဘန်ပေါင်(Ban Pong)မြို့သို့ ဆက်သွယ်ဖောက်လုပ်ခဲ့သည်။ ရထားလမ်းမှာ မိုင်၂၅၀ကျော်ရှည်လျားပြီး လမ်းခုလပ်ကွေးမြစ်ပေါ်၌ တံတားတစ်စင်းကိုလည်း တည်ဆောက်ခဲ့သည်။တံတားဆောက်လုပ်ရာတွင် မြန်မာ တိုင်းရင်းသားများသာမက စစ်သုံ့ပန်းအဖြစ်ဖမ်းဆီးထားသော မဟာမိတ်တပ်သားအများအပြားလည်း ပါဝင်ခဲ့သည်။ နာမည်ကျော် A Bridge on the River Kwei ရုပ်ရှင်ဇာတ်ကားမှာဒုတိယကမ္ဘာစစ်အတွင်း သေမင်းတမန်မီးရထားလမ်းကွေးမြစ်တံတားပေါ်မှ ဇာတ်လမ်းတစ်ပုဒ်ကို အခြေခံရိုက်ကူးထားခြင်းဖြစ်သည်။ မှတ်တမ်းများအရ မီးရထားလမ်းဖောက်လုပ်ရာတွင် မြန်မာတိုင်းရင်းသား ၈၀၀၀၀ ကျော်၊ မဟာမိတ်တပ်သား၁၀၀၀၀ကျော်တို့အသက်ဆုံးရှုံးခဲ့ကြရရာသေမင်းတမန်လမ်းမကြီးဟု ခေါ်ဆိုခဲ့ကြသည်။ ၂၅ အောက်တိုဘာ ၁၉၄၃တွင်ယိုးဒယား–မြန်မာမီးရထားလမ်းဖောက်လုပ်ပြီးစီးသည့်အထိမ်းအမှတ်ပွဲကို ကျင်းပခဲ့သည်။

**သံဖြူဇရပ်**

သေမင်းတမန်မီးရထားလမ်း မြန်မာပြည်ဘက်ခြမ်းမှစတင်ရာသံဖြူဇရပ်မြို့သည်ရှေးယခင်က ကျိုက္ခမီမြို့နယ်အတွင်းရှိ လူနေအိမ်ခြေစည်ကားရာ ရွာကြီးတစ်ရွာဖြစ်ပါသည်။ ခရစ်နှစ်၁၈၇၄ခုနှစ်က မော်လမြိုင်ထားဝယ်ကြေးနန်းလမ်းနံဘေးတွင် ရှစ်မြှောင့်အောက်ခံအုတ်ခင်းထားသည့် သွပ်မိုးဇရပ်ကလေးတစ်ဆောင်ကို တည်ဆောက်ခဲ့ရာ ယင်းအဆောက်အအုံငယ်ကလေးကို အစွဲပြု၍ သံဖြူဇရပ်ဟုခေါ်ဆိုခဲ့ကြသည်၊နောက်ပိုင်းစည်ကားလာကာမြို့ကလေးတစ်မြို့အသွင်ပြောင်းလဲလာခဲ့သည်။

သံဖြူဇရပ်မြို့အနီးတွင် သေမင်းတမန်မီးရထားလမ်းဖောက်လုပ်ခဲ့ခြင်းအထိမ်းအမှတ်အဖြစ် ပြတိုက်နှင့်မဟာမိတ်စစ်သင်္ချိုင်းတို့တည် ရှိပါသည်။စစ်သင်္ချိုင်းမှာဒုတိယကမ္ဘာစစ်အတွင်းကကျဆုံးခဲ့သည့်အင်္ဂလိပ်၊ ကနေဒါ၊ ဩစတြေးလျ၊ နယူးဇီလန်၊ အိန္ဒိယ၊ မြန်မာ၊ မလေးရှား၊ နယ်သာလန်စသည့် နိုင်ငံများမှစစ်သည် ၃၆၁၇ ဦးအတွက် အရိုးပြာများကို မြှုပ်နှံတည်ဆောက်ထားခြင်းဖြစ်သည်ဆိုပါသည်။ ယင်းစစ်သင်္ချိုင်းကို ၁၈ ဒီဇင်ဘာ ၁၉၄၆ က ဗိုလ်ချုပ်အောင်ဆန်းနှင့်ဘုရင်ခံဆာဟူးဘတ်ရန့်တို့လာရောက်ဖွင့်လှစ်ပေးခဲ့သည်ဆို၏။

**မောင်ထင်၏ ငဘ**

နာမည်ကျော်စာရေးဆရာကြီးမောင်ထင်၏ငဘဝတ္ထုသည် ယိုးဒယားမြန်မာမီးရထားလမ်းဖောက်လုပ်ရေးအတွက် ချွေးတပ်နှင့်အတူပါသွားသူတောင်သူလယ်သမားတစ်ဦး၏ဘဝကိုသရုပ်ဖော်ထားသော ဝတ္ထုဇာတ်လမ်းဖြစ်ပါသည်။ ဤဇာတ်လမ်းကိုပင် တစ်ခေတ်တစ်ခါက ပြည်သူ့အသံစွဲမင်းသားရွှေဘကငဘအဖြစ် သရုပ်ဆောင်ရိုက်ကူးခဲ့သည်။

**ကျမ်းကိုး**


၁။ ဂျပန်စစ်အုပ်ချုပ်ရေးခေတ်မြန်မာနိုင်ငံ (မစ္စတာအိုးနိုတိုးရု)

၂။ ဂျပန်ခေတ်ရက်စွဲသမိုင်း (လက်နှိပ်စက်မူ)

၃။ "ငွေသောင်ယံစက်စဲ၊ ကျိုက္ခမီရေလယ်ဘုရား၊ သေမင်းတမန်လမ်းမကြီးနှင့် သံဖြူဇရပ်(မောင်မိုးစည်)၊ ရနံ့သစ်မဂ္ဂဇင်း၊ အမှတ်(၇၈)


## မြန်မာ့လွတ်လပ်ရေးအတွက် ဖက်ဆစ်ဂျပန်ဆန့်ကျင်ရေးကာလက တစ်ဦးတည်းသော အမျိုးသမီးလေထီးရဲဘော်အဖြစ်ထင်ရှားခဲ့သည့် ဒေါ်မြရီ(ခ)ဒေါ်ခင်စီ ကျောက်ဆည်မြို့တွင် ကွယ်လွန်

မြန်မာ့လွတ်လပ်ရေးအတွက်ဖက်ဆစ်ဂျပန်ဆန့်ကျင်ရေးကာလတစ်ဦးတည်းသော အမျိုးသမီးလေထီးရဲဘော်အဖြစ်ထင်ရှားခဲ့သည့် ဒေါ်မြရီ(ခ)ဒေါ်ခင်စီသည် အသက်(၉၃)နှစ်အရွယ်တွင်မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်မြို့တွင် ဒီဇင်ဘာလ ၉ရက်နေ့ကကွယ်လွန်သွားကြောင်းသိရသည်။

ဒေါ်မြရီကို အဖဦးစံသိန်း၊ အမိဒေါ်ဖွားဇုံတို့မှ ကျောက်ဆည်မြို့တွင် ၁၉၁၈ ခုနှစ်ဧပြီလ ၁၁ရက်နေ့၌ မွေးဖွားခဲ့ပြီး မွေးချင်းသုံးယောက်အနက် ဒုတိယမြောက်သမီးဖြစ်သည်။အသက် ၂၀ အရွယ်တွင်ကျောင်းဆရာမတာဝန်ထမ်းဆောင်ခဲ့ပြီး နိုင်ငံရေးနှင့်ပတ်သက်၍ ကျောက်ဆည်သားသခင်တင်ရွှေနှင့်ဆက်စပ်မိကာအတူလုပ်ကိုင်ဆောင်ရွက်ရင်းတစ်ဦးနှင့် တစ်ဦးမေတ္တာမျှခဲ့ကြသည်။ ဖက်ဆစ်ဂျပန်တော်လှန်ရေးကာလ၌ အိန္ဒိယမှတစ်ဆင့်အင်္ဂလိပ်မဟာမိတ်တပ်အကူအညီဖြင့်ပြည်တွင်းသို့ တော်လှန်ရေးရဲဘော်များလေထီးဖြင့် ပြန်လည်ဝင်ရောက်ရန်အစီအစဉ်တွင်မမြရီပါဝင်ခဲ့သည်ဟု သိရသည်။ မခင်စီဟူသောအမည်မှာ ဖက်ဆစ်ဂျပန်တော်လှန်ရေးကာလအတွင်း နိုင်ငံရေးခေါင်းဆောင်တစ်ဦးဖြစ်သူသခင်စိုးပေးခဲ့သောနာမည်ဝှက်ဖြစ်ခဲ့ပြီးပြည်တွင်းသို့ ဖက်ဆစ်ဆန့်ကျင်ရေးအတွက်အိန္ဒိယမှရဲဘော်များနှင့်အတူလေထီးဖြင့် ပြန်လည်ဝင်ရောက်ရန်ကုန်းလမ်းမှတစ်ဆင့်ကိုညှိထွန်း၊ သခင်တင်ရွှေတို့နှင့်အတူ လျှို့ဝှက်စွာ ခက်ခက်ခဲခဲသွားရောက်ခဲ့ရသည်ဟုလည်း သိရှိရသည်။ ထိုစဉ်က လေထီးဆင်းရန်လေ့ကျင့်ထားသော ရဲဘော်များမှာ သခင်တင်ရွှေ၊ သခင်ဗိုလ်(လေထီးဆင်းရင်းကွယ်လွန်)၊ မန်းဝင်းမောင်(သမ္မတဟောင်း)၊ ကိုချစ်ကောင်း (ကာနယ်ချစ်ကောင်း)၊ ကိုအုန်းမောင်(လေထီးဗိုလ်အုန်းမောင်)နှင့် မမြရီတို့ပါဝင်သည်ဟု မှတ်သားရသည်။ ဒေါ်မြရီတွင်သခင်တင်ရွှေနှင့်သားသမီးသုံးယောက်ထွန်းကားခဲ့ပြီးမြေးကိုးယောက်၊မြစ်လေးယောက်ကျန်ရှိခဲ့သည်ဟုသိရှိရပြီး လွတ်လပ်ရေးမော်ကွန်းဝင်ဒုတိယအဆင့်ကိုလည်း ရရှိခဲ့သည်။ ဒေါ်မြရီ၏ဈာပနတွင်ကျောက်ဆည်မြို့၊ မင်းမွေးတောင်သုသာန်တွင် ဒီဇင်ဘာလ ၁၁ ရက်နေ့က မီးသဂြိုဟ်ခဲ့ကြောင်း သိရှိရသည်။